**ISP** Political & Conflict Economy Tracker 2026

PCET2026-02 | January 26, 2026

# ကရင်ပြည်နယ်အတွင်း ပဋိပက္ခစီးပွားရေးနှင့် KNA ၏ ဖြစ်တည်မှု


ကျားဖြန့် အွန်လိုင်းငွေကြေးလိမ်လည်ဂိုဏ်းများကို
နှိမ်နင်းမှုများ ကျယ်ပြန့်လာချိန်တွင် KNA အပြောင်းအလဲက
ပဋိပက္ခစီးပွားရေး ရှုပ်ထွေးလာသည့် ကရင်ပြည်နယ်အတွင်း
သိသာထင်ရှားသော အရွေ့တခုဖြစ်ခဲ့သည်။

# ကရင်ပြည်နယ်အတွင်း ပဋိပက္ခစီးပွားရေးနှင့် KNA ၏ ဖြစ်တည်မှု

| | |
|---|---|
| ကာလ (Period) | ၂၀၂၆ ခုနှစ် ဇန်နဝါရီလ။ |
| ဒေသ (Regions) | ကရင်ပြည်နယ်။ |
| ဖြစ်စဉ်အကျဉ်း (Issues) | ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကရင်နယ်ခြားစောင့်တပ်ဖွဲ့ (BGF) သည် ကရင်အမျိုးသားတပ်မတော် (KNA) အဖြစ် ပြောင်းလဲရပ်တည်လိုက်သည်။ ကရင်ပြည်နယ် လှိုင်းဘွဲ့နှင့် ရွှေကုက္ကိုမြို့ဒေသတွင် တပ်စွဲထားသော စစ်ကော်မရှင်တပ်များမှာလည်း BGF တပ်များနှင့်အတူ တပ်စွဲထားရာကနေ ဆုတ်ခွာသွားသည်။ ထိုနေရာကို KNA က ဆက်လက် ထိန်းချုပ်ထားသည်။ ဇန်နဝါရီ ၂၅ ရက်နောက်ဆုံးထား၍ မြဝတီမြို့ကနေ ဆုတ်ခွာရန် KNA တပ်များကို စစ်ကော်မရှင်က ညွှန်ကြားခဲ့သည်။ ထို့အပြင် စစ်ရေး တိုက်ခိုက်ခံရပါက ပြန်လည်တုံ့ပြန်ရန် စစ်ကော်မရှင်က ပြင်ဆင်နေသည်။ |
| ပါဝင်ဖက်အုပ်စုများ (Groups Involved) | ကရင်အမျိုးသားတပ်မတော် (KNA)နှင့် စစ်ကော်မရှင်။ |
| အခြေအနေ/ တိုးတက်မှု (Status/ Development) | BGF ကို KNA အဖြစ် ပြောင်းလဲလိုက်သည့်ဖြစ်စဉ်၌ ရှုပ်ထွေးမှုများ ဆက်ရှိနေသည်။ တပ်နယ်လေးခုအနက် နှစ်ခုက KNA အဖြစ်ပြောင်းလဲရာတွင်ပါဝင်ခဲ့ပြီး ကျန်နှစ်ခုမှာ BGF အဖြစ် ဆက်လက်ရပ်တည်နေသည်။ သို့သော် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသောနေရာများ၌ KNA ၏ နယ်မြေထိန်းချုပ်မှု ပိုအားကောင်းလာသည်။ စစ်ကော်မရှင်အနေနှင့် KNA ၏ စစ်ရေးအကူအညီမရှိပါက မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော မြဝတီဒေသကို ထိန်းချုပ်ရန် ခက်ခဲနိုင်သည်။ လက်ရှိတွင် မြဝတီမြို့နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းကို စစ်ကော်မရှင်နှင့် KNA တို့က မျှဝေထိန်းချုပ်ထားသည့်သဘော တွေ့ရသည်။ မြဝတီနယ်စပ်စခန်းသို့ သွားရာလမ်းကြောင်းများတွင် KNA တပ်များက ဖြန့်ကြက်နေရာယူထားသည်။ ထို့အပြင် ကုန်သွယ်မှုရပ်တန့်နေသော အမှတ်-၁ အာရှအဝေးပြေးလမ်းပိုင်းကို အစားထိုး ကူးသန်းနေသည့် ထို့ကော်ကိုးနှင့် ကြက်ဥတောင်လမ်းများကိုလည်း အခြားသော ကရင်လက်နက်ကိုင်အဖွဲ့များနှင့် KNA တို့က မျှဝေထိန်းချုပ်ထားသည်။ |
| သက်ရောက်မှုများ (Implications) | ကျားဖြန့် အွန်လိုင်းငွေကြေးလိမ်လည်ဂိုဏ်းများကို နှိမ်နင်းမှုများ ကျယ်ပြန့်လာချိန်တွင် KNA အပြောင်းအလဲက ပဋိပက္ခစီးပွားရေး ရှုပ်ထွေးလာသည့် ကရင်ပြည်နယ်အတွင်း သိသာထင်ရှားသော အရွေ့တခုဖြစ်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးနှင့်ဆက်စပ်၍ စစ်ကော်မရှင်၏ ထိန်းချုပ်နိုင်စွမ်းကိုလည်း သက်ရောက်မှုရှိစေခဲ့သည်။ ယခုအပြောင်းအလဲကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း ပြန်ဖွင့်နိုင်ရေးမှာလည်း ပိုကြန့်ကြာသွားစေနိုင်သည်။ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ KNA တပ်စခန်းများကို စစ်ကော်မရှင်က လေကြောင်းအပြင် ဒရုန်းဖြင့်တိုက်ခိုက်မှုများရှိလာသဖြင့် KNA အပေါ် စစ်ရေးအရဖိအားပေးမှုများလည်း ဆက်ရှိလာနိုင်ပါသည်။ |

# မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး အချက်အချာနေရာများကို KNA ထိန်းချုပ်ထား

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် ကရင်ပြည်နယ်အတွင်းက နေရာများကို KNA ထိန်းချုပ်ထားသည်။ အစားထိုးလမ်းကြောင်းများဖြစ်သည့် ထို့ကော်ကိုးလမ်း၊ ကြက်ဥတောင်လမ်းနှင့် ၁၀၁၈ လမ်းများကိုမူ အခြားကရင်လက်နက်ကိုင်တပ်ဖွဲ့များနှင့် မျှဝေထိန်းချုပ်ထားသည်။ ထို့အပြင် နယ်စပ်ကုန်သွယ်ရေးတွင် အချက်အချာကျသည့် မြဝတီမြို့နယ်တွင်လည်း သဃ်န်းညီနောင်ရွာကနေ ရွှေကုက္ကိုမြိုင်အထိ KNA တပ်များ ဖြန့်ကြက်ထားသည်။




**ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ။** ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) နှင့် ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။